မိုးအိမ်ရှင်စာအုပ်တိုက်

# ဒုပါချိုးဒိပါမျှားများ

<မဂ္ဂဇင်း ခေတ်ပေါ်ဝတ္ထုတိုများစုစည်းမှု>



## ယုမုံးဦး

<ဆေးတက္ကသိုလ်>



# အပါချီအိပ်မက်များ

“ ပန်းပုအနုပညာရှင်မလေးအပါချီဟာ
သူစားချင်နေလျက်သားနဲ့
သူစားချင်တာကို
မစားရတဲ့သူ့အိပ်မက်တွေအတွက်
အိပ်မပျော်လို့ အိပ်မောကျနေရတဲ့
အိပ်မက်တွေကြောင့်ပဲ
သူ မစားချင်တာကို
စား စားနေရလို့
အသည်းကွဲတဲ့ဒဏ်ရာရပြီး။ ”

*

## (က)

မြို့ကြီး၏အလယ်ဗဟိုတွင် စမ်းချောင်းတစ်ခုဖြတ်သန်းစီးဆင်းနေသည်။ စမ်းချောင်းရေသည် ကြည်လင်အေးမြ၏။ ရေညှိပါးပါးတက်နေသော ကျောက်တုံးကလေးများ၊ ရွှေဝါရောင်ငါးကလေးများ၊ စမ်းချောင်းရေကြည်ကြည်ပေါ် မျောပါလာသော (မျောပါလာသည်ဟု မယူဆဘဲရွက်လွှင့်လာသည်ဟု ထင်မြင်ကောင်းထင်မြင်နိုင်ပါသည်) သစ်

ရွက်ကြွေများ၊ စိန်ပန်းပြာပွင့်ကြွေများနှင့် သင်-စကားစမြည် မပြောဖူးသည့်အတွက် သူတို့၏ရင်ထဲကခံစားချက်ကို သင်သိနိုင်လိမ့်မည်မဟုတ်ပါ။

ကဗျာဆရာသုံးဦးက(သစ်ရွက်သေများပေါ်မှရက်စက်သော ဂီတ)ဟူသောကဗျာစာအုပ်တစ်အုပ်ကို ရေးသားထုတ်ဝေခဲ့ကြဖူးသည်။ ကဗျာစာအုပ်မျက်နှာဖုံးတွင် မော်ဒန်ပန်းချီဆရာတစ်ဦးက ဗန်ဒါရွက်ကြွေကလေးကိုချိုတ်ဆွဲတပ်ဆင်ပေးထားသည်။ အပါချီကတော့ စမ်းချောင်းထဲမျောပါလာသော သစ်ရွက်ပန်းပွင့်ကလေးများကို (သစ်ရွက်သေများ)ဟု မပြောရက်ပါ။ သူတို့ မသေကြသေးပါ။ သူတို့ ရွက်လွှင့်မျောပါလာသည်ဖြစ်စေ၊ ထိုမြင်ကွင်းသည် စမ်းချောင်းကလေး၏ “အလှဗေဒနှင့် သိက္ခာတရား”ကို ပိုမိုလင်းလက်နွဲ့ပျောင်းစေသည်။

စမ်းချောင်းကလေး၏အနားမှာသာ စမ်းရေစီးသံကို သင်ကြားရမည်။ မြို့ကြီး၏တိုက်ခေါင်မိုးပေါ်တွင် နေထိုင်သူတစ်ယောက်အဖို့ တိမ်ရွေ့သံ၊ ကြယ်ကြွေသံ၊ နဂါးငွေ့တန်းများ၏ တီးတိုးကဗျာ ရွတ်သံတို့ကို သာကြားရမည်။ နေရောင်ခြည်၏ကိုယ်ငွေ့ကိုလည်း တိုက်ခေါင်မိုးပေါ်ကလူသည် ပူပူပြပြခံစားနေရလိမ့်မည်။ စမ်းချောင်းကလေး၏ အအေးငွေ့ကိုတော့ ထိတွေ့နားဆင်ခွင့်ရလိမ့်မည် မဟုတ်ပါ။

ပန်းပုဆရာမလေးအပါချီသည် စမ်းချောင်းရေမှာတစ်ဝက်ခန့်ပေါ်နေသော ကျောက်တုံးကလေးများဘေးသို့ ခြေဖွဖွနင်း၍ စမ်းချောင်းကလေး၏တစ်ဖက်၊ မြက်ခင်းစိမ်းစိမ်းများရှိရာသို့ ကူးဖြတ်လာခဲ့သည်။ စမ်းချောင်းဘေးမြက်ခင်းစိမ်းသည် အပါချီအတွက် အနားယူရာထိုင်ခုံကလေးတစ်ခုဖြစ်သည်။ တွေးတော စဉ်းစားစရာ ထီးရိပ်ကလေးတစ်ခုဖြစ်သည်။ စမ်းရေစီးသံကိုနားထောင်ရင်း မြက်ခင်းစိမ်းစိမ်းပေါ်သို့

ပက်လက်လှန်လှဲချလိုက်သည်။ မျက်လုံးထဲတွင် အရပ်မြင့်မြင့်မြို့ပြတိုက်တာများသည် ငါးမျက်လုံးမှန်ဘီလူး(Fish Eye Lens)ဖြင့် ရိုက်ကူးထားသောဓာတ်ပုံကိုမြင်ရသကဲ့သို့ ခံစားရသည်။ အရပ်မြင့်သော တိုက်ကြီးများက သူ့အပေါ်ဝိုင်းဝန်းအုပ်မိုးနေကြသည်။

“ဘုံဆောင်မြင့်၊ စိန်ကြောင်ဖန်ရှိန်၊ ညီးလို့လင်းလင်း

ကြွားကြွားမိုးဖျား၊ သီခေါင်လေ၊ ရီမှောင်လေ၊ ဝေးရရှင်းရှင်း ….”

မြဝတီမင်းကြီး၏ ကြိုးသီချင်းတစ်ပုဒ်မှစာသားတစ်ချို့ကိုလည်း အပါချီသတိရလိုက်မိသည်။

အပါချီသည် အနမ်းရပ်ထုဖန်တီးရှင် ရိုဒင့်၏ချစ်သူ ကမီးလ်ကလော်ဒယ်လ် မဟုတ်ပါ။ အာရှတိုက်တွင်နေထိုင်သော ပန်းပုဆရာမလေးအတွက် အသင်တို့ ချစ်သူရှာပေးကြည့်မည်ဆိုပါလျှင် အပါချီချစ်သူသည် နန်းကြီးမုန့်တီကို ကြိုက်နှစ်သက်ရပေလိမ့်မည်။ အပါချီမှာ မော်ဒန်ပန်းပုအနုပညာ (Modern Sculpture)အတွက် သူ၏ဘဝကိုမြှုပ်နှံရူးသွပ်နေသော မြန်မာမိန်းကလေးတစ်ဦးသာဖြစ်၏။ အပါချီတွင် မြင်းရိုင်းတစ်ကောင်မရှိပါ။ ဒိုင်းတစ်ခု၊ လှံတံတစ်ချောင်း၊ ဆေးတံတစ်လက်နှင့် ပြောင်းဖူးမုန့်လုပ်သော ကြိတ်ဆုံတစ်ခုမရှိပါ။ အပါချီတွင် ရက်အင်ဒီယန်းတစ်ယောက်၏ သစ္စာတရား၊ ရိုးသားမှုနှင့် သတ္တိအားမာန်သာရှိ၏။

“တန်ဆာဆင်မှုမှန်သမျှကို အဘယ်မျှပင်လှစေကာမူ

သိမ်ဖျင်းယုတ်ညံ့သောလုပ်ရပ်အဖြစ် ယူဆနေကြခြင်းကို

ကျွန်တော်တို့ အကြီးအကျယ်ဒေါသဖြစ်မိကြပါတယ်၊

အမျိုးသမီးတွေက လုပ်ကိုင်လေ့ရှိတာမို့ အဆင်တန်ဆာဆင်မှုကို

မိန်းမဆန်သယောင်ယောင်လည်း ပြောခဲ့ကြပါတယ်။

အမျိုးသားတစ်ယောက်အမြင်နဲ့ ကြည့်လို့မရတာနဲ့ပဲ

အဲဒီတန်ဆာဆင်မှုဟာ အရေးမပါရတော့ဘူးတဲ့လား။

သိမ်ဖျင်းယုတ်ညံ့သားရတော့မှာလား”

ရောဘတ်ကွတ်ရှ်နာ

ပန်းချီနှင့် ပန်းပုအနုပညာဖန်တီးရှင်

အပါချီ၏ဖခင်အမည်မှာ ဦးဘဆောင်ဖြစ်သည်။ အသားမည်းမည်း သွားကျဲကျဲနှင့်ဦးဘဆောင်သည် အညာဒေသမှာမွေးဖွားခဲ့သော်လည်း အညာဖျင်ကြမ်းထူထူကို လောင်းကုတ်အင်္ကျီ ချုပ်ဝတ်တတ်သူဖြစ်သည်။ ဧရာဝတီမြစ်ရိုးတစ်လျှောက် လောင်းလှေကြီးများဖြင့် ကုန်ရောင်းကုန်ဝယ် လုပ်တတ်သူမဟုတ်ဘဲ ခေတ်လွန်ဗိသုကာပညာရှင်တစ်ယောက်သာဖြစ်သည်။ ဂျာမန်တို့၏ “လုပ်ငန်း ဆောင်ရွက်မှုအလျောက် ပုံသဏ္ဍာန်ဖန်တီးရသည်”ဆိုသော အယူအဆကို လူမှန်းသိတတ်စအရွယ်ကတည်းက ဦးဘဆောင်မကြိုက်ပေ။ (လုပ်ငန်းဆောင်ရွက်မှု) ဟူသော စကားလုံး၏အဓိပ္ပာယ်ကို ဖျက်ပစ်ပြီး (မျက်စိထဲတွင် ကြည့်၍ကောင်းစေရန်) ပြောင်းလဲဖော်ထုတ်ဖို့ စိတ်ကူးယဉ် ခဲ့ဖူးသည်။

“သမီးလေးအပါချီ အဆောက်အအုံတစ်ခုတည်ဆောက် ဖန်တီးတယ်ဆိုတာ လူသားတွေအတွက် နေထိုင်ဖို့၊ အလုပ်လုပ်ဖို့၊ ကစားဖို့ ကျေနပ်စရာကောင်းတဲ့ပတ်ဝန်းကျင်တစ်ခုကို ဖန်တီး ပေးခြင်းပဲဖြစ်တယ်”

“ဒါဆိုရင် ဖေဖေက ဘာဖြစ်လို့ အဲဒီလိုအဆောက်အအုံမျိုးတွေ မ

တည်ဆောက်၊ မဖန်တီးတာလဲဆိုတာ သမီးသိချင်တယ်ဖေဖေ”

ဦးဘဆောင်က သူ့နဖူးပေါ်က အမည်းရောင်အရေးအကြောင်းများကိုတစ်ချက်ရှုံ့လိုက်ရင်း ပြန်ဖြေသည်။

“သီအိုရီက သီအိုရီပဲ သမီး၊ လက်တွေ့ဟာ လက်တွေ့ပဲ၊ ဒါပေမယ့် ဖေဖေကတော့ သမီးကို ခေတ်လွန်ဗိသုကာပညာရှင်မကြီးတစ်ယောက်အဖြစ် မြင်ချင်လိုက်တာ”

သို့သော် အပါချီသည် ဗိသုကာပညာရှင်အမျိုးသမီးတစ်ယောက် ဖြစ်မလာခဲ့ပါ။ ဖခင် ဦးဘဆောင်၏စိတ်ကူးများ၊ အိပ်မက်များကိုသောက်သုံးရင်း ပန်းပုဆရာမလေးတစ်ယောက်အဖြစ် သူ့ဘဝကိုရွေးချယ်ခဲ့သည်။

အပါချီလဲလျောင်းနေသော စမ်းချောင်းကလေးထဲရှိ ရေညှိမသန်းတသန်း ကျောက်တုံးကလေးများမှ ကျောက်တုံးတစ်တုံးသည် (မိုက်ကယ်အိန်ဂျလို) မဖြစ်နိုင်ဘူးလား။ နောက်ကျောက်တုံးတစ်တုံး ကရော (ဘရန်ကူစီ) မဟုတ်ဘူးလား။ “ဝီလျံတပ်ကာ”က ကျောက်တုံးတစ်တုံးကိုပိုင်ဆိုင်ပြီး “ဟင်နရီမိုး”က ဟိုးဘေးနား ရွက်ကြွေနဲ့ငြိနေတဲ့ ကျောက်တုံးလေးတစ်တုံးဖြစ်နိုင်ပါသလား။ အပါချီက ကျောက်တုံးလေးများကိုလေးစားစိတ်ဖြင့် မေ့ပစ်လိုက်သည်။ စမ်းချောင်း၏ဖွဲ့စည်းပုံထဲမှာ သူ့အတွက် ကျောက်တုံးလေးတစ်တုံးမရနိုင်ဘူးလား။

ဆောင်းညတစ်ညတွင် ဦးဘဆောင်သေဆုံးသွားခဲ့သည်။ မိခင်နှင့်ဖခင်မရှိသူကို မိဘမဲ့ တစ်ကောင်ကြွက်ဟုခေါ်ကြသည်။ ထိုသတ်မှတ်ချက်ကို အပါချီက လက်မခံပါ။ သူ့မှာ အဖေလည်းရှိသည်။ အမေလည်းရှိသည်။ ခေတ်သစ်ပန်းပုအနုပညာရှင် “အဲလစ္စအိုင်ကော့”လည်း ရှိသည်။ “အလက်ဇန္ဒြားလစ်ဘားမင်း” နှင့် “အလက်ဇန္ဒြားကောလ်

ဒါ”တို့သည်လည်း သူ့ဖခင်ဦးဘဆောင်နှင့် အနုပညာဆွေမျိုးမတော်စပ်ဘူးဟု မည်သူပြောနိုင်သနည်း။ အပါချီတွင် သူ့ဖခင်ထံမှ အမွေဆက်ခံထားသော ကံ့ကော်တောအုပ်လွင်ပြင်တစ်ခုလည်းရှိ၏။ ၎င်းကံကော်တောအုပ်လွင်ပြင်ထဲ၌ မြကျောက် သရက်ပင် ၁၀ ပင်ရှိ၏။ ပိတောက်ပင် ၅ ပင်၊ စိန်ပန်းပြာ ၇ ပင်၊ စိန်ပန်းနီ ၃ ပင်၊ လက်ပံပင်ကြီး ၅ ပင်၊ တရုတ်စကားပင် ၇ ပင်တို့ကိုလည်း စိုက်ထားပါသည်။ အပါချီ၏ဖခင်ကြီးဦးဘဆောင် စိုက်ပျိုးခဲ့ခြင်းဖြစ်၍ ယခုအခါအရိပ်ရပြီ၊ အပွင့်ပွင့်ပြီ၊ အသီးစား၍လည်း ရချေပြီ။

သုခမရှာတော်ပုံမဂ္ဂဇင်းမှ တွေ့ဆုံမေးမြန်းသူ အယ်ဒီတာတစ်ယောက်နှင့် ပန်းပုဆရာမလေး အပါချီတို့၏ တွေ့ဆုံမေးမြန်းခန်းကို အသင် ဖတ်ကြည့်ပါ။

(မေး) - ခင်ဗျားရဲ့အခန်းထဲမှာ ခင်ဗျားဖခင်ကြီးဦးဘဆောင်ရဲ့ရုပ်ထုကို ဘာဖြစ်လို့ မတွေ့ရတာလဲ။

(ဖြေ) -ကျွန်မအခန်းထဲမှာ ဖေဖေ့ရဲ့ရုပ်ထုကြီး မရှိပေမယ့် သူ့ဝိညာဉ်ရှိပါတယ်။ ဖန်တီးထားတဲ့ အနုပညာဟာ သဘာဝရဲ့အထောက်အကူနဲ့ ဝင်းပရွှန်းလဲ့ မနေသင့်ဘူးလား။ ကျွန်မရဲ့ ပန်းခြံထဲက ကံကော်ပင်အောက်မှာ ရှင်တို့တွေ့ချင်တဲ့ ဖေဖေ့ရဲ့ပန်းပုရုပ်ထုကြီးရှိပါတယ်။ ရှင်တို့ သွားကြည့်နိုင်ပါတယ်။

(မေး) - ပန်းပုရုပ်ထုတစ်ခုဟာ ဧည့်ခန်း၊ စာကြည့်ခန်းနဲ့ အိပ်ခန်းထဲမှာထားရမယ့် အလှတန်ဆာပစ္စည်းမျိုး မဟုတ်ဘူးလား။

(ဖြေ) - ကျွန်မတို့တတွေဟာ သစ်တောထဲက သစ်ပင်တွေကိုခုတ်ပြီး အခု ရှင်ထိုင်နေတဲ့ ကျွန်းသားကုလားထိုင်လုပ်ထားတယ်၊ ရှင်ထိုင်နေတာဟာ သစ်တောတစ်ခုထဲက သစ်ပင်တစ်ပင်ပေါ်မှာ ထိုင်နေတယ်လို့

ရှင်ယူဆနိုင်တယ်၊ ဟောဟို ကျွန်မအခန်းမှာတပ်ထားတဲ့ ခန်းဆီးစလေး လွင့်နေတာဟာ သဘာဝရဲ့လေပြည်လေညင်းကြောင့်မဟုတ်ဘူးလား။

(မေး) - ဒါဆိုရင် ခင်ဗျားက သဘာဝတရားကိုချစ်တယ်ပေါ့။ သစ္စာမဖောက်ဘူးပေါ့။ အဲဒီလို ယူဆရမှာလား။

(ဖြေ) - ကျွန်မ မချစ်ပါဘူး။ ကျွန်မဖန်တီးထားတဲ့ အနုပညာနဲ့ သဘာဝတရားကို ပေါင်းစည်း ကြည့်ချင်တဲ့ စိတ်ကူးစိတ်သန်း သက်သက်ပါ၊ ပန်းပုဆရာ ဒေးဗစ်စမစ်က သူ့ရဲ့ပန်းပုလက်ရာတွေကို သူ့ခြံဝင်းထဲမှာ ဖြန့်ချထားတယ်၊ ပန်းပုရုပ်ထုများနဲ့ပတ်ဝန်းကျင်ရှုခင်းတွေဟာ သဘာဝကျကျပေါင်းစပ် နေကြသတဲ့။

(မေး) - ဒါကိုတာတောင်ပိုင်း(South Dakota)က တောင်ထွတ်ကြီးတွေပေါ်မှာ ဂျော့ချ်ဝါရှင် တန်တို့၊ လင်ကွန်းတို့ပါဝင်တဲ့ ကျောက်သားပန်းပုရုပ်ကြီးတွေမျိုး ခင်ဗျား ထုဆစ်ဖို့ အစီအစဉ်ရှိပါသလား။

(ဖြေ) - မရှိပါဘူး၊ ကျွန်မမှာ အမြင့်ကြောက်ရောဂါရှိပါတယ်။ စူးဆောက် တန်ဆာပလာတွေလည်း မစုဆောင်းရသေးဘူး။ အဲဒီ ကျောက်မျက်နှာကြီးတွေကိုထုဖို့ ကျွန်မကျောက်တောင်တစ်တောင်ကိုလည်း မပိုင်ဆိုင်နိုင်သေးဘူး။

(မေး) - သကြ်န်ပွဲတော်မတိုင်ခင် ခင်ဗျားရှေ့ဆက်မဲ့ အနုပညာလုပ်ငန်းအစီအစဉ်တွေကို သိပါရစေ။

(ဖြေ) - ကျွန်မရဲ့ဖေဖေဆီက အမွေရထားတဲ့ ကံကော်တောအုပ်လွင်ပြင်မှာ ကျွန်မရဲ့ အနုပညာကိုဖော်ထုတ်ဖို့ ပြီးခဲ့တဲ့တပေါင်းလဆန်းကတည်းက လိုအပ်တဲ့ပစ္စည်းပစ္စယတွေ ပို့ပြီးပါပြီ၊ ကြေးခေါင်းလောင်းလေးတွေ၊ အလျူမီနီယမ်နားရွက်တွေ၊ သံမဏိပြားတွေ၊ ကျောက်တုံးကြီးတွေ၊ ပြင်သစ်မှာ အီဖယ်မျှော်စင်ကြီး ဆောက်တုန်းက မသုံးဘဲနဲ့

ကျန်ခဲ့တဲ့သံယက်မကြီးတွေ အတော်များများ ရောက်နေပါပြီ။

(မေး) - ခင်ဗျား အဲဒီရုပ်ထုကို ခင်ဗျားရဲ့အနုပညာနဲ့ထုလုပ်မှာလား၊ ဒါမှမဟုတ် အတတ်ပညာနဲ့ ထုလုပ်ချင်တာလား။

(ဖြေ) - အဲဒီမေးခွန်းတွေကို ရှင်မေးဖို့မလိုအပ်ဘူးလို့ထင်ပါတယ်။ စိတ်ကူးစိတ်သန်းတွေအတွက် မေးခွန်းဆိုတာမရှိပါဘူး။ ကောက်ချက်ချခြင်းလည်း မရှိပါဘူး။ ရှင့်အနေနဲ့ ခွဲခြန်းစိတ်ဖြာ သုံးသပ်ပြီး သဘောတရားရေးရာကျမ်းစာအုပ် တစ်အုပ်ထုတ်ချင်နေလို့လည်း ရမှာမဟုတ်ပါဘူး။ အဓိကအချက်က ယုံကြည်မှုပဲ၊ ကျွန်မက ကျွန်မအနုပညာကို ယုံကြည်နေပြီး၊ ရှင်က အဲဒီအနုပညာကို ယုံကြည်နေဖို့ပဲ လိုအပ်ပါတယ်။

(မေး) - ဒါဆိုရင် ခင်ဗျားဟာ ယုံကြည်မှုကို တန်ဖိုးလို့ သဘောထားတာလား။

(ဖြေ) - ယုံကြည်ခြင်းကို ကျွန်မတန်ဖိုးထားပါတယ်၊ တစ်ခုတော့ ရှိတယ်၊ ယုံကြည်ခြင်းရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့မယုံကြည်ခြင်းဟာလည်း ကျွန်မအတွက်ပြဿနာတော့ မဟုတ်ပါဘူး။ အနုပညာရှင်ဆိုတာ သူ့အလုပ် သူလုပ်နေဖို့ပဲ။

သုခမရှာတော်ပုံမဂ္ဂဇင်းမှ အယ်ဒီတာနှင့် တွေ့ဆုံမေးမြန်းသူတို့ ပြန်သွားကြသောအခါ ညနေ သုံးနာရီခွဲပြီ၊ အပါချီသည် နံနက်မိုးလင်းကတည်းက မည်သည့်အစားအစာမှ မစားမသောက်ရသေးပါ။ စားသောက်ချင်စိတ်လည်း မရှိပါ။ ကွယ်လွန်သွားရှာပြီဖြစ်သော ပန်းချီဆရာကြီး တစ်ယောက်ပြောဖူးခဲ့သလို “ငါ ပီတိစားနေတာကွ”ဟူသော စကားလုံး၏တန်ဖိုးအတိုင်း အပါချီသည် အစာအဟာရမစားဘဲ ပီတိကိုစားနေခဲ့သည်ရှိသော် ထိုပီတိသည် သူ့ဖန်တီး

မှု၏အိပ်မက်များသာဖြစ်၏။

စမ်းချောင်းဘေးတွင် ခရမ်းရောင်ကြီးတစ်ကောင်အသံညြညြဖြင့် သီချင်းတစ်ပုဒ်ကို မလွမ်းအောင် သီဆိုနေသည်။ ထိုမလွမ်းခြင်းသည် သဘာဝတရားလွမ်းချင်းတစ်ပုဒ်သာဖြစ်သည်။ အပါချီမှာ အိပ်မက်များ စွာရှိ၏။ အပါချီမှာ အိပ်မက်ဖြင့် အိပ်မက်ကို အိပ်မက်မက်ရပေါင်းများ လှချေပြီ။

(ခ)

သကြ်န်မိုးရွာသောနေ့တွင် သတင်းစာနာရေးကြော်ငြာ၌ စိတ်မ ကောင်းဘွယ်ရာ နာရေးသတင်း တစ်ပုဒ် ဖတ်ရှုကြရသည်။ နာရေး သတင်းတစ်ပုဒ်သည် ထုံးစံအတိုင်း မှတ်ပုံတင်အမည်၊ အသက်၊ မိဘ ဆွေမျိုးအသိုင်းအဝိုင်း၊ နေရပ်လိပ်စာနှင့် ကွယ်လွန်သည့်နေ့စွဲ၊ အသုဘချမည့်နေ့စွဲ၊ သဂြိုလ်မည့် နေရာများကို ဖော်ပြထားတတ်ကြ သည်။ ယခု နာရေးကြော်ငြာ၌မူ အသုဘချမည့်နေ့စွဲနှင့် သဂြိုလ်မည့် နေရာမပါဝင်ပါ။ ၎င်းနာရေးကြော်ငြာမှာ -

**မအပါချီ (ခ) ခင်သွေးအေး**

**အသက် (၃၀) နှစ်**

**( - - - )နေ့တွင် ကွယ်လွန်သည်**

**ဟူ၍ဖြစ်သည်။**

အချို့လူများသည် ပန်းပုဆရာမလေးမအပါချီ(ခ)ခင်သွေးအေး၏ အသုဘကိုလိုက်လံပို့ဆောင် လိုသော်လည်း ပို့ဆောင်ခွင့်မရပါ။ အပါချီ

မှာ သူ၏ပန်းပုပြပွဲဖိတ်စာကတ်တလောက်လေးကိုင်ပြီး ကံကော်ပင်အောက်က ပန်းပုရုပ်ထုနှစ်ခုကြားမှာသေဆုံးနေခဲ့တာတဲ့။ သူ့မျက်လုံးများက သေဆုံး နေတာတောင် ဖွင့်ထားမြဲဟု ဆိုသူက ဆိုကြသည်။ ပြပွဲခင်းကျင်းပြသမည့်ရက်မှာ အပါချီယခုကဲ့သို့ သေဆုံးခြင်းအတွက်အနုပညာမြတ်နိုးသူအားလုံး ယူကျုံးမရဖြစ်ကြရသည်။

## (၈)

ဆေးတက္ကသိုလ်၏ ခန္ဓာရုပ်အလောင်းများသိုလှောင်ရာ အခန်းထဲတွင် ဖော်မလင်ဆေးရည် ကန်ထဲ၌ လူသေကောင်ရုပ်ကလာပ်များစွာရှိသည်။ ဆေးကျောင်းသား၊ ဆေးကျောင်းသူများသည် လူတို့၏ခန္ဓာဗေဒဖွဲ့စည်းပုံ၊ သွေးပြန်ကြော၊ သွေးလွှတ်ကြော၊ အာရုံကြော၊ လင့်ဖ်ကြောများနှင့် ကြွက်သားများ၊ အရိုးများ၏ သွယ်ယှက်ဆက်နွယ်နေပုံယန္တရားကို ခန္ဓာဗေဒဌာန (Anatomy Department) ၏ လူသေကောင်ခွဲစိတ်ရာအခန်း( Dissecting Room)ထဲတွင် လူသေရုပ်အလောင်းများ(Dead Bodies)မှ တစ်ဆင့် ခွဲစိတ်ကိရိယာများ (Dissecting Sets) ဖြင့်ခွဲခြမ်းစိတ်ဖြာလေ့လာ ကြည့်ကြမည်ဖြစ်သည်။ သို့မှသာ သက်ရှိလူသားတစ်ယောက်၏ အရေပြားတစ်နေရာကို သင်ကြိုက်သည့် နေရာထောက်လိုက်ပါ။ ထိုအရေပြားကို ထွင်းဖောက်လျက်၊ အရေပြား၏ အလွှာလွှာကိုဖြတ်ကျော်လျက်၊ သွေးပြန်ကြော(Vein)၊ သွေးလွှတ်ကြော(Artery)၊ အာရုံကြော(Nerve)၊ နှင့် လင့်ဖ်ကြော(Lymphs)၊ ကြွက်သား(Muscle)၊ အရွတ်များ(Temdon) နှင့် အရိုးများ(Bones) တို့ဖြင့် တည်ဆောက်ဖွဲ့စည်းထားသော လူသားတစ်ယောက်၏ ပန်းပုအနုပညာကို ဆေးကျောင်းသား ဆေးကျောင်းသူများက အသင့်အား ပြောပြနိုင်မှာဖြစ်၏။

ယနေ့ လူသေကောင်ခွဲစိတ်ရမည့် အချိန်ဇယားပါရှိသဖြင့် ခန္ဓာဗေဒဌာန ဝန်ထမ်းအလုပ်သမားများ အလုပ်ရှုပ်နေကြရသည်။ လူသေကောင်ခွဲစိတ်ခန်း (Dissecting Room) စားပွဲအမှတ်(၁)တွင် ပန်းပုဆရာမလေးအပါချီ၏ရုပ်အလောင်းရှိသည်။ မိမိ၏ကိုယ်ပိုင်ဆန္ဒဖြင့် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချကာ မိမိ၏ခန္ဓာကိုယ်ကို ဤဆေးတက္ကသိုလ်သို့ လာရောက်လှူဒါန်းပြီး ငါးလတိတိပြည့်သောနေ့တွင် တိုက်တိုက်ဆိုင်ဆိုင် မမျှော်လင့်ဘဲသေဆုံးသွားရသော ရုပ်အလောင်းဖြစ်၏။ ထိုရုပ်အလောင်း၏ မျက်လုံးအစုံမှာ တခြားစားပွဲပေါ်မှ ရုပ်အလောင်းများကဲ့သို့မဟုတ်ဘဲ အစဉ်အမြဲပွင့်ဟလျက်ရှိသည်။

ဆေးကျောင်းသား၊ ဆေးကျောင်းသူများသည် အပါချီ၏ပွင့်ဟနေသောမျက်လုံးတစ်စုံကို အနက် မဖွင့်တတ်။ ဘာသာမပြန်တတ်ကြပေ။ ထိုမျက်လုံးများကို ထွင်းဖောက်၍သာ။ ဖြစ်ချင်သောဆန္ဒ စိတ်ကူးများ၊ သူ့ဘဝသက်တမ်းတလျှောက် ဘာတစ်ခုမျှ အကောင်အထည် ဖော်ခွင့်မရလိုက်သည့်အတွက် ကြိတ်မနိုင်ခဲမရဖြစ်နေသော နှလုံးသားတစ်ခုနှင့် အစာအဟာရပြတ်လပ်နေသော ဦးနှောက်တစ်ခုကို မြင်တွေ့လိုက်ရသည်။ ရင်ခွဲရုံမှ တာဝန်ကျဆရာဝန်လက်မှတ် ရေးထိုးပေးလိုက်သောသေတမ်းစာစစ်ချက်အစီရင်ခံစာ(Post Mortern Report) တွင် အပါချီသေဆုံးရခြင်းအကြောင်းရင်း (Casue of Death) မှာ အစာအာဟာရချို့တဲ့ပြတ်လပ်သောရောဂါ (Malnutrition) ဟု အမည်တပ် ထားသည်။

ဆေးကျောင်းသားတစ်ဦးက သူသိလိုသောမေးခွန်းတစ်ခုကို သူ့ဘေးရှိသူငယ်ချင်းဆေးကျောင်းသူလေးကို လှမ်းမေးလိုက်သည်။

“မအပါချီဟာအစာအဟာရပြတ်လပ်တဲ့ရောဂါကြောင့် သေရတာဆိုတော့ သူက အစာအဟာရ ကောင်းကောင်း မစားသောက်နိုင်လို့လား”

ဆေးကျောင်းသူလေးက ထိုဆေးကျောင်းသား၏ မေးခွန်းကိုသိပ် စိတ်မဝင်စားဟန်ဖြင့် လှည့်မကြည့်ဘဲ ဖြေလိုက်သည်။

"သူ မစားချင်လို့လည်း ဖြစ်နိုင်တာပဲ"

ဆေးကျောင်းသားတခြားတစ်ယောက်က ဝင်ရောက်ဆွေးနွေး ပြန်သည်။

"အပါချီက အစာအဟာရဝယ်စားနိုင်တဲ့ ငွေကြေးအင်အားမရှိလို့ ဖြစ်ချင်ဖြစ်မှာပေါ့"

မျက်မှန်နှင့်ဆေးကျောင်းသူလေးက အာရုံကြောတစ်ခုကို ညှပ်(Forcep) အသေးလေးဖြင့် ဆွဲယူညှပ်ထားရင်းမှ ခေါင်းမော့လျက် လှမ်းပြောလိုက်သည်။

"အစာအဟာရကို သူ့အချိန်နဲ့သူ အချိုးညီညီစနစ်တကျ မစားတတ်လို့ပဲ ဖြစ်လိမ့်မယ်လို့ ကိုယ်တော့ထင်တယ်လေ"

ဆေးကျောင်းသား၊ ဆေးကျောင်းသူများကို ဦးဆောင်ရှင်းပြနေသော သရုပ်ပြဆရာမလေးသည် အပါချီ၏ပွင့်ဟနေသော မျက်လုံးတစ်စုံကို ငေးမောစူးစိုက်ကြည့်ရင်း သူ့ဘာသာသူ အတွေးအမြင် တစ်ခုရလိုက်သည်။

"အင်း ပန်းပုအနုပညာရှင်မလေး အပါချီဟာ သူစားချင်နေလျက်သားနဲ့ သူစားချင်တာကို မစားရတဲ့ သူအိပ်မက်တွေအတွက် အိပ်မပျော်လို့အိပ်မောကျနေရတဲ့ အိပ်မက်တွေကြောင့်ပဲ သူမစားချင်တာကို စားနေရလို့ အသည်းကွဲတဲ့ဒဏ်ရာရပြီး သေဆုံးသွားတာလည်း ဖြစ်နိုင်တာပဲ"

တစ်ယောက်တစ်ပေါက်ဝေဖန်သတ်မှတ်ချက်များက ခန္ဓာဗေဒ

ဌာန၏ ရုပ်အလောင်းခွဲစိတ်ခုံ အမှတ်(၁)မှ အပါချီ၏အိပ်မက်များကို ချိုမြစေခြင်းငှာ မစွမ်းသာ။

*



## ကျွန်မမှာ ချစ်သူရှိတယ်မေမေ

လေပြည်ညင်းလေးတွေနဲ့

အကျွမ်းတဝင်ထားသင့်သလို

မုန်တိုင်းရဲ့ဗဟိုချက်ကိုလည်း

သိမှတ်ထားသင့်တာပဲမဟုတ်လား အမေ

မေမေ - သမီးကိုမွေးတုန်းက

သမီးရဲ့နားရွက်နှစ်ဖက်နဲ့ မျက်စိနှစ်လုံးကို

မတပ်ဘဲထားခဲ့ရင်ပြီးရော

သဘာဝတရားကြီးကို

ထိတွေ့အရသာခံဖို့ နှလုံးသားတစ်စုံကိုလည်း

သမီးရင်ထဲမေမေထည့်ပေးမထားခဲ့ရင်

ပိုမကောင်းဘူးလား

*

ကျွန်မမှာ မေမေ့ကိုပြောစရာရှိတယ်။

ကျွန်မမှာ ချစ်သူရှိတယ်မေမေ။

အပြာရောင်ဆောင်းဦးမပေါက်သေးသော်လည်း ပျံလွှားငှက်များပျံသန်းနေကြသည်။

မေ့ဆေးဆရာဝန်မကြီးတွင် သူနှင့် သူ၏သမီးငယ်တို့နေထိုင်သော အိမ်ကြီးတစ်လုံးရှိသည်။ ထိုအိမ်ကြီးမှာတောက်တဲ့နှင့် အိမ်မြှောင်များ တွယ်ကပ် နေထိုင်ကြသည်။ တစ်ခါတစ်ရံ လင်းနို့တစ်ကောင်လည်း အလည်လာတတ်သည်။ လက်သန်းလက်သည်းခွံခန့်ရှိသော အိမ်မြှောင် ဥဖြူဖြူကလေးများကို စာအုပ်စင်၊ စာအုပ်ဗီရိုများအကြား မကြာခဏ တွေ့ရတတ်သော်လည်း မည်သူကမျှ အလေးယူ ဂရုတစိုက်ပြုရမည့် ကိစ္စဟု သဘောမထားကြပေ။

(တစ်ခုသတိထားရန်မှာ လကမ္ဘာပေါ်သို့ ပထမဦးဆုံးခြေချနိုင်ခဲ့သည့် အပိုလိုအာကာသယာဉ်မှူးများသည် အိမ်မြှောင်ဥတစ်လုံးကို လကမ္ဘာပေါ်သို့ ယူဆောင်သွားခဲ့ကြဖူးသည်ဆိုခြင်းကို သင်မေ့ထား၍ မဖြစ်နိုင်ပါ။)

လမင်းပေါ်မှာ လူသားတို့ အိမ်ယာတည်ဆောက်ကြသည့်အခါ အိမ်မြှောင်များကို အိမ်မွေးတိရစ္ဆာန် (PETS)လေးများအဖြစ် မွေးမြူဖို့ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ အိမ်မြှောင်တို့သည် သူတို့ သင်္ချိုင်းကို အိမ်များ၏တံခါးမကြီးနှင့် ပြတင်းတံခါးများကြားတွင် ကြိုတင်တည်ဆောက် ထားတတ်ကြသည်။ တံခါးရွက်များနှင့် တံခါးပတ္တာများမှ အိမ်မြှောင်တို့၏စျာပနတေးသံကို မကြာခဏ ကြားကြား နေရတတ်ပါသည်။

မြို့ကြီး၏ကားလမ်းမဘေးက စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းကြော်ငြာများ၊ အပျော်ဖတ် ဝတ္ထုစာအုပ်ကြော်ငြာများ၊ ဒီဇိုင်းအမျိုးမျိုးပြောင်းပြောင်းသွားသလို နာမည်တွေပဲ ပိုပိုလှလာသော အားဆေးကြော်ငြာများ၊ ကာရာအိုကေဗီစီဒီနှင့်တေးစီးရီးကြော်ငြာများ၊ ရုပ်ရှင်ဗီဒီယိုကြော်ငြာများ၊ ရွှေဆိုင်ကြော်ငြာများအကြားတွင်မှု(အိမ်မြှောင်)၏

သေခြင်း၊ နေခြင်းကိစ္စရပ်များကို သင်တွေ့လိမ့်ရမည် မထင်ပါ။

မေ့ဆေးဆရာဝန်မကြီး၏ ထိုအိမ်ကြီးထဲသို့ လင်းနို့တစ်ကောင်သည် တစ်ခါတစ်ရံမှ ပျာယီးပျာယာရောက်ရောက်လာတတ်သော်လည်း တောက်တဲ့နှစ်ကောင်ကမူ အိမ်ကြီး၏ ခေါင်မိုးထုတ်တန်းများပေါ်မှ ပုန်းအောင်းနေတတ်ကြသည်။ အိမ်မြှောင်လေးများကမူ စာကြည့်ခန်း၊ စာအုပ်စင်နှင့် စာအုပ်များအကြား ရွှေ့လျားသွားလာ တွယ်ကပ်နေတတ်သည့်အတွက် စာအုပ်များအကြောင်းနှင့် စာအုပ်ထဲက စာပေသဘောတရား၊ စာပေအယူဝါဒများကို အလွတ်နီးပါး သိမြင်နားလည်နေကြလေသည်။ သို့သော်လည်း ထိုအိမ်ကြီးသို့ ဝင်ထွက်သွားလာတတ်ကြသူများမှာ သိပ္ပံပညာရပ်ဆိုင်ရာ စာအုပ်များနှင့် ဗေဒင်ယတြာစာအုပ်များအကြောင်းလောက်သာ ပြောဆိုဆွေးနွေးတတ်ကြသဖြင့် အိမ်မြှောင်ကလေးများ ခံတွင်းပျက် ပျက်နေကြသည်။ ထိုအိမ်ကြီးမှ အိမ်မြှောင်ကလေးတို့မှာ ယုန်ကလေး၊ ပူးကလေးများအကြောင်း၊ နှလုံး၊ ကျောက်ကပ်အစားထိုး ကုသခြင်းနှင့် အေအိုင်ဒီအက်စ်ရောဂါအကြောင်း၊ ဒီအင်န်အေ(DNA) ဗီဇပုံတူမျိုးပွားခြင်းနှင့် စိန်ဈေး၊ ရွှေဈေး၊ တိုက်ခန်းဈေး အကြောင်းများကိုသာ အမြဲကြားကြားနေရသဖြင့် အသည်းရောင်အသားဝါဘီပိုးများ ကူးစက်လေပြီ။ ဤအိမ်ကြီးသို့ သင်ရောက်ရှိသွားခဲ့လျှင်လည်း ခေတ်ဟောင်း၊ ခေတ်စမ်း၊ ခေတ်ပြိုင်၊ ခေတ်နောက်ပြန်၊ ခေတ်လွန် စသော အယူအဆရေးရာများနှင့်ပတ်သက်ပြီး ထောက်ခံခြင်း/ကန့်ကွက်ခြင်း၊ ငြင်းဆန်ခြင်း/သဘော ထားတိုက်ဆိုင်ခြင်း၊ မျက်မှန်တပ်ခြင်း/မတပ်ခြင်း၊ ဦးထုတ်ဆောင်းခြင်း/မဆောင်းခြင်း၊ လွယ်အိတ် လွယ်ခြင်း/မလွယ်ခြင်း၊ အရက်မူးခြင်း/မမူးခြင်း၊ ချမ်းသာခြင်း/ဆင်းရဲခြင်း ပြဿနာများကို လုံးဝ ကြားသိတွေ့မြင်ရလိမ့်မည်မဟုတ်ပေ။

ပျံလွှားငှက်ကလေးကမူ မြို့ရွာကျေးလက်အနှံ့ ခြေဆန့်ပျံသန်းနေသည့်အလျောက် စကားလုံး ဝေါဟာရများအပေါ် ဥပေက္ခာစိတ်ဖြင့် နေထိုင်တတ်နေပြီဖြစ်သော လူငယ်များကိုလည်း မြင်ဖူး တွေ့ဖူးနေသည့်အတွက် ပျံလွှားငှက်ကလေးသည် ဗဟုသုတအတန်အသင့်ပြည့်ဝလျက်ရှိပါသည်။

ဝင်းမှည့်စ ရိုတ်သိမ်းခံလိုက်ရသော စပါးပင်များအတွက် သင်တို့စိတ်မကောင်း ဖြစ်မနေကြပါနှင့်။ သူတို့သည် ဆန်ဖြူဖြူများအဖြစ် ဤအိမ်ကြီးအတွင်းသို့ ပြန်လည်ရောက်ရှိလာသောကြောင့် ဖြစ်ပါသည်။ တိမ်လွှာပွင့်များကို ဟမ်ဘာဂါလုပ်စားချင်သူများအတွက်မူ ဆန်ဖြူဖြူတို့မှာအသုံးမဝင်နိုင်ပါ။ တောက်တဲ့ပြောက်ကျားသည် ထမင်းမစားတတ်ဘဲ လင်းနို့ပျာယာသည်လည်း ထမင်းရည်မသောက် တတ်ပေ။ ပြတင်းတံခါးအပြင်ဖက် လေပြည်ညင်းအလင်းနုနုထဲတွင် ပျံလွှားငှက်များသည် အသွင်သစ် အမြင်သစ်၊ ပျံသန်းမှုအသစ်၊ လေ့လာမှုအသစ်ဖြင့် ဝဲပျံ ဝဲပျံနေကြပြန်သည်။

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားအတွက် ခရင်မ်(CREAM)ပက်ထားသော အမူအရာ တစ်မျိုးဖြင့် ခေတ္တသရုပ်ဆောင်ပေးမည့် မော်ဒယ်လ်သတို့သမီးလောင်းတစ်ယောက် လိုအပ်ကောင်းလိုအပ်နေမည်ဖြစ်သော်လည်း ဤအိမ်ကြီးရှိ အိမ်မြှောင်ကလေးကမူ ဘောလုံးမကန်တတ်သည့်အတွက် သူ့ကိုနည်းပြဆရာတစ်ယောက်ငှားရမ်းပေးရန် မလိုအပ်တော့ပါ။ ပြတင်းတံခါးများကြားတွင် ဆွေစဉ် မျိုးဆက်ညပ်သေခဲ့ကြရသည့်အတွက် အိမ်မြှောင်ကလေးကို ပျံလွှားငှက်ကလေးက ထိုအိမ်ကြီးအကြောင်း သူသိသမျှမြင်သလောက် အောက်ပါအတိုင်း ပြောပြခဲ့ဖူးသည်ကိုမေ့လို့မရနိုင်ပါ။ ပျံလွှားငှက်သည် အပျံသန်းကောင်းသူဖြစ်သော်လည်း စကားပြောခြင်းအတတ်ပညာ(သို့မဟုတ်) ဟောပြော

မှု(သို့မဟုတ်) ပရိသတ်များကို စည်းရုံးဆွဲဆောင်နိုင်မှု နည်းပညာများ ချို့တဲ့နေသည့်အတွက် သူ့ ပြောပြချက်တို့ကို ခွင့်လွှတ်နားလည်စိတ်ဖြင့် နားထောင်ကြည့်ရမည်သာဖြစ်ပါသည်။

"ဆောင်းဦးပေါက်ရာသီရောက်လာပြန်တဲ့အခါ ကျွန်တော့်ရဲ့ပျံသန်းမှုပီတိအဟုန်တွေဟာ ဟိုနှစ်တုန်းကလို၊ မနှစ်ကလို တစ်ကျော့ပြန်နိုးကြားလာခဲ့ရပြန်ပါတယ်။ သစ်ရိပ်ဝါးရိပ်နီးမဲ့နေရာ၊ တောစည်တောင်တန်းရှိမဲ့နေရာ၊ သီးနှံကောက်ပဲနဲ့ ပိုးမွှားကလေးတွေစည်ကားမဲ့နေရာလေးတွေ ရွေးချယ်ပြီး အရိုးသားဆုံးပျံသန်းနေထိုင်ခဲ့ပါတယ်။ အခု လတ်တလော ကျွန်တော်ပျံဝဲကျက်စားနေတဲ့ နေရာကတော့ မေ့ဆေးဆရာဝန်မကြီးတစ်ယောက် ပိုင်ဆိုင်တဲ့ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးရှေ့က ပန်းဥယျာဉ်အလတ်စား အနီးအနားတစ်ဝိုက်မှာပေ့ါ။ အဲဒီ ကျွန်းသားအိမ်ကြီးဟာ ထည်ဝါလှပပါတယ်။ အိမ်အပေါ်ထပ်ပြတင်းပေါက်တွေကို မိုးပြာရောင်ခန်းဆီးစကလေးတွေ တပ်ဆင်ထားပေမဲ့ များသောအားဖြင့် အဲဒီပြတင်းတံခါးတွေဟာ အမြဲလိုလိုပိတ် ပိတ်ထားတာတွေ့ရပါတယ်။ နေသာတဲ့ နေ့ကလေးတစ်နေ့ကို ကျွန်တော် အမှတ်တရရှိနေမိပါတယ်။ အဲဒီအိမ်ကြီးရဲ့အပေါ်ထပ် ပြတင်းပေါက်ကလေးကနေ ငါးနှစ်သာသာအရွယ် မိန်းကလေးတစ်ဦးခေါင်းကလေးပြူထွက်နေပါတယ်။ ကလေးမလေးဟာ ဥယျာဉ်ထဲကိုလှမ်းမျှော်ကြည့်နေသလို ကျွန်တော့်ရဲ့ပျံသန်းမှုကိုလည်း စိတ်ဝင်စားနေပုံရပါတယ်။ တစ်ခါတစ်ရံ ကောင်းကင်ကြီးကို မော့မော့ကြည့်တတ်ပြီး တစ်ခါတစ်လေမြေပြင်ကိုစူးစမ်း ကြည့်နေတတ်ပါတယ်။ ဒီကလေးငယ်ဘာတွေများသိချင်ရှာပါလိမ့်။ ဘာတွေလေ့လာနေတာပါလိမ့်။ သူမရဲ့ပြတင်းပေါက်နားအထိကပ်လို့ သူမအနီးမှာ ကျွန်တော် နှစ်ပတ်သုံးပတ်ဝဲပျံပြလိုက်တာ ကလေးမလေးက လက်ခုပ်လက်ဝါးတီးပြီး ပျော်ရွှင်မြူး

တူးနေပါတယ်။ သူမရဲ့လက်ကလေးနှစ်ဖက်ကို ဆန့်တန်းလို့ကျွန်တော့်လိုပဲ ပျံဝဲကြည့်လို့ပေါ့။ အပြစ်ကင်းစင်တဲ့ကလေးငယ်ရဲ့ ခိုးခိုးခစ်ခစ်ရယ်မောသံလေးရယ်၊ ပီတိဖြစ်လွန်းလို့ ဝမ်းသာအားရတွန်ကျူးလိုက်တဲ့ ပျံလွှားငှက်ကလေးရဲ့ ကျလစ်ကျလစ် အော်သံလေးတွေရယ်ဟာ အဲဒီပန်းဥယျာဉ်ထဲမှာ စီစီညံညံလှုပလွန်းနေပါတယ်။ အဲဒီလို တလက်လက်တောက်ပနေတဲ့ မိန်းကလေးငယ်ရဲ့ ဝိုင်းစက်စက်မျက်လုံးလေးနှစ်ဖက်ကို ဖြုန်းဆို အဲဒီပြတင်း တံခါးနှစ်ချပ်က ဂျိုင်းကနဲ ဒိုင်းကနဲမြည်ဟည်းသံကြီးနဲ့အတူ ပိတ်ကာပစ်လိုက်ပါတော့တယ်။ ကျွန်တော့်ရဲ့ရင်ထဲမှာတော့ ဟင်းလင်းပြင်တစ်ခုနဲ့အတူ ကလေးမလေးရဲ့မိခင်မေ့ဆေးဆရာဝန်ကြီးရဲ့ ဆူပူကြိမ်းမောင်းနေသံကြီးကပဲ တုန်ခါကျန်ရစ်ခဲ့ပါတော့တယ်။ ဒီလိုမြင်ကွင်းတွေဟာ ကျွန်တော် မကြာ မကြာမြင်နေရတဲ့ ပြဇာတ်တစ်ခုပါပဲ”

“ကလေးမလေးပြတင်းတံခါးဝမှာ လာရပ်တယ်။ သူ့မိခင်ကြီးကပြတင်းပေါက်ကိုပိတ်ပစ်တယ်။ ကလေးမလေးပြတင်းတံခါးဝမှာ ရပ်လာပြန်တယ်။ သူ့မိခင်ကြီးက ပြတင်းတံခါးကို ဆောင့်ပိတ်လိုက်တယ်။ ကလေးမလေး ပြတင်းပေါက်မှာ ရပ်နေပြန်တယ်။ သူမရဲ့မိခင်ကပြတင်းပေါက်ကို ဒေါသတကြီး ပိတ်ပစ်လိုက်ပြန်ပါတယ်”

ပျံလွှားငှက်ကလေးသည် အထက်ဖော်ပြပါစကားလုံးများအပြင်နောက်ထပ်ဆက်ပြောစရာ စကား တစ်လုံးတစ်ပါဒမျှရှိတော့ဟန်မတူပေ။ အကြောင်းမှာ ထိုငှက်ကလေးသည် ပန်းဥယျာဉ် လေပြည်ညင်းထဲတွင်သာ ဝဲပျံနေရသူဖြစ်ပြီး ပြတင်းတံခါးများ အမြဲလိုလိုပိတ်ထားတတ်သော ကျွန်းသားအိမ်ကြီးအတွင်းသို့ မရောက်ဖူးသေးသောကြောင့်ဖြစ်ပါသည်။

ပညတ်များဖြင့်ဖွဲ့စည်းထားသော စကြာဝဠာကြီးအတွင်း ပုရွက်ဆိတ်တစ်ကောင်၊ ဒိုင်နိုဆော တစ်ကောင်၊ ငါးသလဲထိုးတစ်ကောင်၊ ဝေလငါးတစ်ကောင်၊ မြေလူးငှက်ကလေးတစ်ကောင်၊ လင်းယုန် ငှက်တစ်ကောင်၊ ဒန်းစင်းလေဒီပန်း ဝါဝါလေးတစ်ပွင့်၊ ကျွန်းပင်ကြီးတစ်ပင်၊ သဲချောင်းစပ် လက်ယက်တွင်းကလေး၊ ပစိဖိတ်သမုဒ္ဒရာ စသဖြင့် ထိုပုဂ္ဂိုလ်များအားလုံး သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ ပြဇာတ်ခုံတစ်ခုပေါ်မှာ ဇာတ်လိုက်ကြီးလုပ်ပိုင်ခွင့်လိုင်စင်ရရှိထားကြပါသည်။ ကမ္ဘာကြီး၏ ဆွေမျိုးတော်စပ်မှုအနေအထားအရ ပြောင်းဖူးပင်စိမ်းနွဲ့နွဲ့တို့သည် အိန္ဒိယရိုးရာ ကချေသည်မလေးလို ခြူသံလေး တလွင်လွင်ဖြင့် ယိမ်းကပြတတ်ကြပါသည်။

ရက်စွဲ အတိအကျရှိဟန် မတူသော ညတစ်ညတွင် အိမ်မြှောင်တစ်ကောင်သည် ထိုအိမ်ကြီး၏ အပေါ်ထပ်ပြတင်းတံခါးကြားတွင် ပြားချပ်ကပ်လျက်သေဆုံးသွားခဲ့ရရှာသည်။ မသေဆုံးမီအချိန်ပိုင်း ကလေးမှာ သူမြင်တွေ့ခဲ့ရသောမြင်ကွင်းနှင့် သူ၏လိပ်ပြာကို လွင့်ပျံသွားစေခဲ့သော လူသားမိန်းမကြီး၏ စကားသံတို့ကို သူ၏တမလွန်ဘဝအထိ သယ်ဆောင်သွားခဲ့ပါသည်။ မေ့လို့မရနိုင်ပါ။

လသာညတစ်ညမှာပေါ့။ ကျွန်းသားပျဉ်ထောင်အိမ်ကြီး၏ အပေါ်ထပ်ပြတင်းတံခါးပေါက်တွင် အပျိုမလေးတစ်ဦးသည် မေးကလေးထောက်လျက်သား လမင်းအလင်းရောင်ကို ငေးမျှော်နေလေသည်။ အပျိုမလေး၏ နုသွဲ့ဖြူဝင်းသောပါးပြင်ပေါ်သို့ ဘေးတစောင်းကျရောက်နေသော လမင်း အလင်းရောင်သည် အပျိုမလေး၏ အတွေးအခေါ် စိတ်ကူးစိတ်သန်းတို့ကို ပိုမိုဝင်းပစေပါသည်။ လရောင်ဖြာကျနေသောအဲဒီဥယျာဉ်ကလေးထဲမှ ပန်းရုံတစ်ရုံဘေးမှာ ပျံ့ဝဲနေသော လူငယ်တစ်စု၏ ငေးမောဖွယ်ဂစ်တာသံစဉ်နှင့် ရှတတသီချင်းသံ

သည် လသာည၏အလှကို ပိုမိုစိတ်လှုပ်ရှားစေပါသည်။

"ကြာရှည် .. ငြီးငွေ့မှုရဲ့ … သားကောင် … ညည်းတွားနေသူ … ဝိညာဉ်အပေါ် .. နိမ့်ကျ … လေးလံတဲ့ … ကောင်းကင်က …. အဖုံးလို … ဖိလာတဲ့အခါ … မိုးကုတ်စက်ဝိုင်း …. တစ်ခုလုံးကို …. ဖက်ပွေ့ရင်း …. ညထက်များစွာ …. မှောင်မည်းတဲ့ … အနက်ရောင်နေ့ကို … ငါတို့ပေါ် … သွန်ချလိုက်တဲ့အခါ"

ပြင်သစ်ကဗျာဆရာ(ဘို့ဒလယ်၊ ပီယာရှားလ်)၏ စပလီးန်(Spleen)ကဗျာစာသားကလေးကို သံစဉ်ထည့်သွင်းသီဆိုထားသော ထိုလူငယ်လေး၏သီချင်းသံသည် ဆွဲဆွဲငင်ငင်နှင့် ဆွတ်ပျံ့နေပါသည်။ အိမ်မြှောင်ကလေးသည် အပျိုမလေး၏ပါးပြင်နှင့် လည်တိုင်တို့မှာ ထွန်းလင်းနေဦးတော့မည့် ရင်ခုန်သံကို စိတ်ဝင်စားမိသဖြင့် ပြတင်းတံခါးပတ္တာအနီးသို့ တိုးကပ် တိုးကပ်သွားခဲ့သည်။ အပျိုမလေး တစ်ဦးရဲ့ရင်ခုန်သံ ဘယ်လိုရှိနိုင်သလဲ။ သူမ ဘာတွေတွေးနေမှာပါလိမ့်။ အိမ်မြှောင်ကလေး၏စူးစမ်းမှု၊ စွန့်စားမှုသည် အိမ်မြှောင်ကလေးကို စက္ကန့်ပိုင်းမျှသာ အသက် ရှင်သန်စေတော့မှာဖြစ်ကြောင်း အပျိုမလေး သိမသွားရှာခဲ့ပေ။ အပျိုမလေး၏ မိခင်အဖွားအိုဆရာဝန်မကြီးသည် ပြတင်းပေါက်မှာ ရပ်ငေးနေသော အပျိုမလေးနားသို့ ဒေါသတကြီး တုန်တုန်ယင်ယင် ရောက်ရှိလာပြီး ငေါက်ငမ်းလေတော့သည်။

"ဟဲ့ လုံမ၊ ပြတင်းပေါက်ပိတ်ထားစမ်း၊ အပြင်မှာ လေစိမ်းတိုက်တယ်၊ အအေးမိလိမ့်မယ်၊ ဟဲ့ အထဲဝင်၊ တံခါးပိတ်ထားဆို၊ မကြားဘူးလား"

"သမီးမှ မအိပ်ချင်သေးတာ အမေရယ်၊ ခွန်အားသတ္တိအပြည့်ရှိနေတဲ့ လသာညကလေးကို သမီးခံစားပါရစေနော်၊ လေပြည်ညင်းလေး

တွေနဲ့ အကျွမ်းဝင်ထားသင့်သလို မုန်တိုင်းရဲ့ဇဟိုချက်ကိုလည်း သိမှတ်ထားသင့်တာပဲမဟုတ်လား အမေ၊ မေမေ သမီးကိုမွေးတုန်းက သမီးရဲ့နားရွက်နှစ်ဖက်နဲ့ မျက်စိနှစ်လုံးကို မတပ်ဆင်ဘဲထားခဲ့ရင်ပြီးရော၊ သဘာဝတရားကြီးကို ထိတွေ့ရသာခံဖို့ နှလုံးသား တစ်စုံကိုလည်း သမီးရင်ထဲမေမေထည့်မထားခဲ့ရင် ပိုမကောင်းဘူးလား အမေ၊ ဒါမှမဟုတ် သမီးမှာ မျှော်လင့်ချက်တစ်စုံတစ်ရာနဲ့ တမ်းတမှုဆန္ဒတွေ ဆူဝေမလာတော့ဘူးပေ့ါ၊ ဟိုး ငယ်ငယ်ကလေးဘဝတည်းက သမီးမှာ ပြတင်းပေါက်မကြည့်ခဲ့ရဘူး၊ ဒီပြတင်းတံခါးကို မေမေ ဘယ်တော့မှ ပေးမဖွင့်ခဲ့ဘူး၊ သမီးရဲ့အာရုံငါးပါးကို မေမေက အပိုတန်ဆာလို အလဟဿဆင်ယင်ထားခဲ့တာလားဟင်”

“တော် တော် တိတ်စမ်း၊ ဒီကောင်မလေး၊ သိပ်လျှာရှည်ပါလား၊ ဝတ္ထုစာအုပ်ထဲက စကားလုံးတွေ ငါ့ကိုလာရွတ်ပြမနေနဲ့၊ အခု တံခါးပိတ်လိုက်စမ်း၊ မီးပိတ်၊ အိပ်ရာဝင်တော့ ဒါပဲ”

ပြောပြောဆိုဆိုဖြင့် မေ့ဆေးဆရာဝန်အဖွားအိုသည် အကြောပြိုင်းပြိုင်းထနေသော သူမ၏ လက်ချောင်းရှည်ရှည်များနှင့် ပြတင်းတံခါးများကို ဆောင့်ပိတ်လိုက်ရာ အိမ်မြှောင်ကလေးမှာ အသက်ဘေးဝေးရာသို့ ပြေးလွှားချိန်မရလိုက်တော့ဘဲ ပြတင်းတံခါးပတ္တာကြားတွင် ပြားချပ်ကပ်လျက် မချိမဆန့်သေဆုံးသွားတော့သည်။

ကမ္ဘာကြီးသည် တစ်ခါတစ်ရံ ရောင်စုံမိုးပျံပူဖောင်းများ၊ ရောမွှေထားသော ပွဲဈေးတန်းက ဖွာလူဒါတစ်ခွက်နှင့်တူနေပြန်သည်။ ဖွာလူဒါခွက်ထဲက အဘယ်ပစ္စည်းကို ဇွန်းဖြင့်ပထမဦးဆုံး ခပ်ယူ စားသောက်ရပါ့မလဲဆိုတာကို စဉ်းစားရတာရိုးရိုးလေးနှင့် တွေးရကျပ်နေတတ်ပြန်ပါသည်။ အကောင်းဆုံးကတော့ ဖွာလူဒါတစ်ခွက်ထဲသို့ ကမ္ဘာလောက

ကြီးကို ရောမွှေပြီးအကုန်လုံး စားသောက် ပစ်လိုက်ရန်ပင်ဖြစ်သည်။ ဒါမှမဟုတ် ရောင်စုံဖွာလူဒါများကို ဘယ်တော့မှ မစားသောက်ဘဲနေနိုင်ခြင်းက တနည်းအားဖြင့် မိမိ၏ယုံကြည်မှုခွန်အားသတ္တိကို ဖွံ့ဖြိုးစေနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ အိမ်မြှောင်လေးကတော့ ထုံးစံအတိုင်း ဆောင့်ပိတ်လိုက်သော ပြတင်းတံခါးကြားတွင် ချပ်ချပ်ရပ်ရပ်ကလေး ဘဝသစ်သို့ကူးပြောင်းသွားခဲ့ချေပြီ။

အပြာရောင်ဆောင်းဦးမပေါက်သေးသော်လည်း ပျံလွှားများပျံသန်းနေကြသည်။ ကျွန်မမှာ ချစ်သူရှိတယ်မေမေ။

*